## ၂၀၁၆ ခုနှစ်
## တက္ကသိုလ်ဝင်စာမေးပွဲ
## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**ဘောဂဗေဒ** **ခွင့်ပြုချိန် (၃) နာရီ**

## အပိုင်း(က)
## မေးခွန်းအားလုံးဖြေဆိုပါ။

၁။ (က) အောက်ပါဖော်ပြချက်များကို **'မှား'** သို့မဟုတ် **'မှန်'** ဖြေဆိုပါ။ (၁၀ မှတ်)

၁။ ကုန်စည်တစ်ခုကိုရွေးချယ်လိုက်ခြင်းကြောင့် အခြားကုန်စည်တစ်ခုကို လုံး၀ စွန့်လွှတ်လိုက်ရသည်။

၂။ ဈေးကွက်များကို အဓိကအားဖြင့် ထုတ်ကုန်ဈေးကွက်နှင့် အရင်းအနှီးဈေးကွက် ဟူ၍နှစ်မျိုးခွဲခြားနိုင်သည်။

၃။ ကုန်စည်တစ်ခု၏ လိုချင်သည့်ဆန္ဒရှိခြင်းနှင့် လိုအပ်မှုရှိခြင်းတို့သည် ယင်းကုန်စည်အတွက် ဝယ်လိုအားရှိခြင်းနှင့် မတူပေ။

၄။ ဝင်ငွေဖြန့်ဖြူးမှုညီမျှပါက ဝင်ငွေအလယ်အလတ်တန်းစား စားသုံးသူများ အသုံးပြုလေ့ရှိသောကုန်စည်များ၏ ဝယ်လိုအားမှာ နည်းလာမည်ဖြစ်သည်။

၅။ ထုတ်ကုန်တန်ဖိုးမှ ကုန်ကြမ်းတန်ဖိုးကိုနှုတ်ပါက ကုန်ထွက်တန်ဖိုးကို ရရှိမည်။

၆။ တိုင်းပြည်ဝင်ငွေစာရင်းအင်းများသည် တိုင်းပြည်၏စီးပွားရေးတိုးတက်မှုနှုန်းကို တွက်ချက်ရန်အသုံးဝင်သည်။

၇။ တန်ဖိုးရှိသည့် မည်သည့်အရာကိုမဆို ငွေကြေး ဟုခေါ်နိုင်သည်။

၈။ အချို့ကုန်စည်များအတွက် အချိန်အနည်းငယ်အတွင်း ဈေးနှုန်းယာယီတက်ခြင်းကို ငွေဖောင်းပွခြင်းဟုခေါ်သည်။

၉။ အများကောင်းကျိုးပြုလုပ်ငန်းများအတွက် အစိုးရသည် အသုံးစရိတ်များကိုသုံးစွဲရသည်။

၁၀။ အရင်းအနှီးရွေ့ပြောင်းမှုများမှာ ကာလတိုနှင့်ကာလရှည်အရင်းအနှီးများ စီးဝင်မှုနှင့် စီးထွက်မှုများကိုဆိုလိုသည်။

(ခ) အောက်ပါကွက်လပ်များတွင် **ဖြည့်စွက်ရမည့် အဖြေများကို** အဖြေစာအုပ်တွင် ရေးပါ။ (၅ မှတ်)

၁။ ကျန်းမာရေးပညာရေးအပေါ် ရင်းနှီးမြှုပ်နှံမှုကို ___________ အပေါ်ရင်းနှီးမြှုပ်နှံမှုဟု ခေါ်သည်။

၂။ လေ့လာနေသော ကုန်စည်တစ်ခု၏ဈေးနှုန်း ကျဆင်းသွားသောကြောင့် ယင်းကုန်စည်ကိုဝယ်ယူမည့် အရေအတွက်ပိုမိုများလာခြင်းကို ___________ ဟုခေါ်သည်။

၃။ GDP နှင့် GNP တို့သည် ___________ ဝင်ငွေပေါ် မူတည်၍ ခြားနားမှု ရှိသည်။

၄။ အခြားဘဏ်များကိုငွေထုတ်ချေးရာတွင် ဗဟိုဘဏ်ကယူသောအတိုးနှုန်းကို ______ ဟုခေါ်သည်။

၅။ ကုန်စည်များကူးသန်းရောင်းဝယ်ခြင်းသည် ပြည်ပငွေပေးငွေယူရှင်းတမ်းလက်ကျန်၏ အစိတ်အပိုင်းတစ်ခုဖြစ်၍ ___________ ဟုခေါ်သည်။

[တစ်ဖက်သို့

(ဂ) အောက်ပါဖော်ပြချက်များအတွက် ပေးထားသောအဖြေ (က)(ခ)(ဂ)မှ **အဖြေမှန်**ကို အဖြေစာအုပ်တွင် ရေးပါ။ (၅ မှတ်)

၁။ အပေါင်ပစ္စည်းတစ်စုံတရာဖြင့် ပစ္စည်းအမျိုးစားအပေါ်မူတည်၍ အတိုးနှုန်းအမျိုးမျိုးဖြင့် ငွေချေးလုပ်ငန်းများဆောင်ရွက်သောဈေးကွက်ကို (က)ကာလရှည်ငွေကြေးဈေးကွက် (ခ)စနစ်တကျဖွဲ့စည်းထားသောငွေကြေးဈေးကွက် (ဂ)စနစ်တကျဖွဲ့စည်းထားခြင်းမရှိသောငွေကြေးဈေးကွက် ဟုခေါ်သည်။
၂။ ကုန်စည်တစ်ခုကို ရယူသုံးစွဲခြင်းကြောင့် အခြားကုန်စည်တစ်ခု၏အသုံးဝင်မှုကို ပိုမိုတိုးတက်စေပါက ၎င်းတို့ကို (က) တွဲဖက်ထုတ်ကုန်များ (ခ) တွဲဖက်ကုန်စည်များ (ဂ)ကုန်ညှံ့များ ဟုခေါ်သည်။
၃။ ထပ်ဆင့်တိုးတန်ဖိုးသည် (က)ကုန်ထွက် (ခ)ကုန်ကြမ်း (ဂ)ထုတ်ကုန် တန်ဖိုးနှင့်တူညီသည်။
၄။ ဝင်ငွေအဆင့်အားလုံးအတွက် တစ်ခုတည်းသောနှုန်းဖြင့် စည်းကြပ်သောအခွန်ကို (က) နှုန်းတိုးခွန် (ခ)အချိုးတူခွန် (ဂ) နှုန်းလျော့ခွန် ဟုခေါ်သည်။
၅။ ငွေကြေး၏လုပ်ဆောင်ချက်များကိုဆောင်ရွက်ပေးနိုင်သည့်အရာအားလုံး၏စုစုပေါင်းအရေအတွက်ကို (က) ငွေကြေးရောင်းလိုအား (ခ) စာရင်းရှင်အပ်ငွေ (ဂ)ငွေပိုထုတ်ချေးခြင်း ဟုခေါ်သည်။

၂။ အောက်ပါတို့အနက်မှ **(၁၀ ခု)** ၏ အဓိပ္ပါယ်ကို ဖော်ပြပါ။ (၂၀ မှတ်)

၁။ စားသုံးခြင်း
၂။ အခွင့်အလမ်းစရိတ်
၃။ ဈေးကွက်ယန္တရား
၄။ အပြည့်အဝအစားထိုးကုန်စည်များ
၅။ ပိုလျှံဝယ်လိုအား
၆။ ရောင်းလိုအားဥပဒေသ
၇။ တိုင်းပြည်ဝင်ငွေ
၈။ အသားတင်ဝင်ငွေ
၉။ ပုံသေဈေးနှုန်း
၁၀။ ငွေကြေး၏ဝယ်နိုင်စွမ်းအား
၁၁။ ငွေဖြစ်လွယ်မှု
၁၂။ သီးသန့်ငွေသား
၁၃။ ကုန်စည်ခွန်
၁၄။ ဘဏ္ဍာရေးမူဝါဒ
၁၅။ ပြည်သူ့အသုံးစရိတ်များ
၁၆။ နိုင်ငံခြားငွေရန်ပုံငွေ
၁၇။ ကုန်သွယ်မှုပိတ်ဆို့ခြင်း
၁၈။ စုပုံရှင်းရောင်းချခြင်း

## အပိုင်း (ခ)
## နှစ်သက်ရာ မေးခွန်း (၃) ပုဒ်ဖြေဆိုပါ။

၃။ (က) တိုင်းပြည်ဝင်ငွေတွက်ချက်နည်းများမှ ကုန်ထွက်နည်းနှင့် အသုံးစရိတ်နည်းကို ပြည့်စုံစွာ ရှင်းလင်းပါ။ (၂၀ မှတ်)

(သို့မဟုတ်)

(ခ) အောက်ပါတို့အနက်မှ နှစ်သက်ရာ (၂) ခုကို မှတ်စုရေးပါ။
၁။ ထုတ်ကုန်ဈေးကွက်နှင့် အရင်းအနှီးဈေးကွက်
၂။ ဈေးကွက်စီးပွားရေးစနစ်နှင့် ရောပြွမ်းစီးပွားရေးစနစ်
၃။ အခွန်စည်းကြပ်မှုနှုန်း
၄။ နိုင်ငံခြားငွေ လဲလှယ်နှုန်း ကိုပြောင်းလဲခြင်း

၄။ (က) ဝယ်လိုအား၏ ဈေးနှုန်းအလျော့အတင်း (၅)မျိုးကို ပုံနှင့်တကွ ရှင်းလင်းဖြေဆိုပါ။ (၂၀ မှတ်)

(သို့မဟုတ်)

(ခ) အောက်ပါတို့အနက်မှ နှစ်သက်ရာ (၂) ခုကို မှတ်စုရေးပါ။

၁။ ငွေကြေး၏အခ်ပ္ပါယ်

၂။ ဘဏ်အမျိုးအစားများ

၃။ အင်အားစုအခငွေဈေးနှုန်းနှင့်ဈေးကွက်ပေါက်ဈေးတို့၏သဘော

၄။ တိုက်ရိုက်ခွန်များ

၅။ (က)အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုတွင် ကုန်ဖလှယ်မှုအချိုး၏အရေးပါမှုကိုရှင်းလင်းဖြေဆိုပါ။ (၂၀မှတ်)

(သို့မဟုတ်)

(ခ) အောက်ပါတို့အနက်မှ နှစ်သက်ရာ (၂) ခုကို မှတ်စုရေးပါ။

၁။ ငွေကြေးဝယ်လိုအား (သို့) ငွေကြေးလက်ဝယ်ကိုင်ဆောင်ထားလိုမှု

၂။ ရောင်းလိုအားနှင့်အခြားကုန်စည်များ၏ဈေးနှုန်း ဆက်စပ်ပုံ

၃။ ပြည်သူ့ဘဏ္ဍာရေး၏အခ်ပ္ပါယ်

၄။ ထုတ်လုပ်မှုအင်အားစုများ (သို့) ကုန်ထုတ်အင်အားစုများ

၆။ အောက်ပါတို့အနက်မှ နှစ်သက်ရာ(၂) ခုကိုဖြေဆိုပါ။ (၁၀ × ၂ မှတ်)

(က) နိုင်ငံတစ်နိုင်ငံ၏ ကုန်ထုတ်အင်အားစုများအားလုံးကို စွမ်းဆောင်ရည်ပြည့်ဝစွာ အသုံးပြုပြီး နှစ်တစ် နှစ်အတွင်း ထုတ်လုပ်နိုင်သည့် ကုန်စည် A နှင့် ကုန်စည် B အတွဲအမျိုးမျိုးကို အောက်ပါဇယားတွင် ဖော်ပြထားသည်။

ထုတ်လုပ်နိုင်မှုအခြေပြဇယား

| အမှတ်စဉ် | ကုန်စည် A(ယူနစ်) | ကုန်စည် B(ယူနစ်) |
|---|---|---|
| က | ၀ | ၅၀၀ |
| ခ | ၂၀ | ၄၅၀ |
| ဂ | ၄၀ | ၃၅၀ |
| ဃ | ၆၀ | ၂၀၀ |
| င | ၈၀ | ၀ |

၁။ ၎င်းဇယားမှ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးကို ရေးဆွဲပါ။

၂။ အမှတ်စဉ် (ခ) မှ အမှတ်စဉ် (ဂ) သို့ကုန်စည် A ကိုတိုး၍ထုတ်လုပ်မည်ဆိုပါက ကုန်စည် A ၏ အခွင့်အလမ်းစရိတ်ကို တွက်ချက်သုံးသပ်ပြပါ။

(ခ) အကယ်၍ ငွေကြေးပမာဏ **M** သည် ၃၀၀၀ ကျပ်၊ ဈေးနှုန်း **P**သည် ၂၀ ကျပ်၊ ကုန်စည် အရေအတွက် **T** သည် ၆၀၀ ဖြစ်ပါက

(က) အပေးအယူလုပ်သည့်တန်ဖိုး **R**နှင့် ငွေကြေးလည်ပတ်မှုအရှိန် **V** ကိုရှာပါ။

(ခ) **V**သည်ပုံသေဖြစ်ပြီး **M**သည် ၃၀ရာခိုင်နှုန်း၊ **T**သည် ၂၅ရာခိုင်နှုန်းတိုးပါက **T**နှင့် **P** ကိုရှာပါ။

(ဂ)**M** သည် ၃၀၀၀ ကျပ်ရှိပြီး **T** ၂၅ရာခိုင်နှုန်းတိုးပါက **P** သည် ၂၀ ကျပ်ဆက်လက်ဖြစ်ရန် **V** မည်မျှဖြစ်ရမည်နည်း။

(ဂ)အိမ်ထောင်စု(၄) ခု၏ တစ်နှစ်ဝင်ငွေနှင့် ဝင်ငွေခွန်ပေးဆောင်ရမည့် ပမာဏကို အောက်ပါ ဇယားတွင် ဖော်ပြထားသည်။

| အိမ်ထောင်စု | ဝင်ငွေ (ကျပ်) | ဝင်ငွေခွန်ပမာဏ (ကျပ်) |
|---|---|---|
| A | ၃၀၀၀၀၀ | ၁၅၀၀၀ |
| B | ၈၀၀၀၀၀ | ၉၆၀၀၀ |
| C | ၁၅၀၀၀၀၀ | ၃၀၀၀၀၀ |
| D | ၅၀၀၀၀၀၀ | ၁၂၅၀၀၀၀ |

၁။ အိမ်ထောင်စုတစ်ခုစီအတွက် အခွန်နှုန်းကိုရှာပါ။

၂။ ဝင်ငွေခွန်သည် မည်သည့်အခွန်စည်းကြပ်မှုပုံသဏ္ဍာန်ဖြစ်သည်ကို သုံးသပ်ပြပါ။